မူကြိုကျောင်း

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ် - အိမ်တွင် လေ့လာသင်ယူခြင်း

## အိမ်ပြင်ပရှိ သိပ္ပံဘာသာရပ်

### ပင်လယ်ကမ်းစပ် ကစားစရာ

- သင် ပင်လယ်ကမ်းစပ်သို့ ရောက်သည့်အခါ သင့်ကလေးအား သူတို့၏ နားလည်နိုင်စွမ်းသော အာရုံခံစားမှုကို သုံးခိုင်းပါ။ သူတို့အား ပင်လယ်လေကိုရှူခိုင်းပါ၊ ရေလှိုင်းများကို ကြည့်ခိုင်းပါ၊ သူတို့ခြေထောက်အောက်ရှိသဲများကို ခံစားခိုင်းပါ ၄င်းပြင် ဆားငံရေကို အရသာခံခိုင်းပါ။
- သင့်ကလေးအား ရေလှိုင်းအစပ်တွင် ရပ်ခိုင်းပြီး သူတို့ခြေထောက်ကို လှိုင်းရိုက်ပုတ်စေပါ။ ၄င်းမှာ မည်သို့ခံစားရကြောင်း သူတို့ကို မေးပါ။
- ရေလှိုင်းအစပ်တွင် ကျင်းတစ်ခုကို တူးခိုင်းပြီး ၄င်းကျင်းမှာ ရေပြည့်လာရန် မည်မျှကြာကြောင်း ကြည့်ပါ။ သင့်ကလေးအား ကျင်းအတွင်းရပ်ခိုင်းစေပြီး ဘာဖြစ်နေသည်ကို သင့်ကို ပြောစေပါ။
- ရေမျောကမ်းတင် သစ်ချောင်းများ၊ ရေညှိများနှင့် ခရုခွံများကို လိုက်ကောက်ပြီး သဲသောင်ယံပေါ်တွင် ဒီဇိုင်းပုံများနှင့် အဆင်အယဉ်များကို လုပ်ပါ။ သင့်ကလေးအား ဤအရာများ၏ ဖွဲ့စည်းမှုကို ပုံဖော်ခိုင်းပါ၊ ဥပမာ ကြမ်းသည်၊ ချောမွေ့သည်၊ အေးသည်၊ ကြိုချွဲချွဲဖြစ်သည် နှင့် စူးရှရှဖြစ်သည် တို့ဖြစ်သည်။ သင့်ကလေးအား ထိုအရာများ မည်သည့်နေရာမှလာသည့်အကြောင်းနှင့် ပတ်သက်၍ ပုံဇာတ်လမ်းတစ်ခု ဖန်တီးခိုင်းပါ။

### မိုးရေ ကစားစရာ

- မျက်နှာပြင် အမျိုးမျိုးပေါ် ကျလာသော မိုးရွာချသံကို နားထောင်ပြီး အသံအမျိုးမျိုးကို သင့်ကလေးအား ရှင်းပြခိုင်းပါ။
- မိုးရေထဲတွင် သင့်ကလေးနှင့်အတူ မတ်တပ်ရပ်ပါ။ သင့်မျက်နှာပေါ်သို့ မိုးရေ ကျပါစေ။ သင့်လျှာကိုထုတ်ပြီး မိုးရေကို မြည်းကြည့်ပါ။ အောက်ပါတို့ကဲ့သို့ မေးခွန်းများကို မေးပါ- မိုးရေကို ဘယ်လို ခံစားရပါသလဲ။ နှင့် မိုးရေ ဘာအရသာနှင့် တူပါသလဲ။
- မိုးတိမ်များကို ကြည့်ပြီး ၄င်းတို့ကို သင့်ကလေးအား ပုံဖော်ခိုင်းပါ။
- မိုးရေအိုင်တွင် မိုးရေများ လွှင့်စဉ်နေသည်ကို ကြည့်ပါ။ သင့်ကလေးအား သူတို့ လက်ချောင်းများဖြင့် လှိုင်းတွန့်များကို လုပ်ခိုင်းပါ။ သူတို့၏ ရောင်ပြန်ဟပ်မှုကို သူတို့ မြင်မမြင် ကြည့်ပါ။ မိုးရေအိုင်အတွင်း ခုန်ချပါ။



သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချုပ်လွှာ
**education.wa.edu.au.**

Department of Education

© Department of Education, Western Australia, 2015
CC BY